

# မိုလိုတော့

အတွဲ-၁၊ အမှတ်-၈၊ မေ၊ ၂၀၂၁

၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန် ၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန်　f Molotov.to.Read



## မိဘအပေါင်းတို့
## ခေတ်ကောင်းသို့
## ပြောင်းလဲဖို့
## စနစ်ဟောင်းကို
## မြောင်းထဲပို့
## တို့ကလေးတွေကို
## ကျောင်းထဲ
## မပို့ပါနှင့်

“ပြောက်ကျားရဲဘော်သည် နည်းပရိယာယ်ကြွယ်ဝအောင် လေ့ကျင့်ရမည်။
ဟန်ဆောင်ကောင်းရမည်။ လူထုနှင့် တသားတည်းရှိရမည်။
ရုတ်တရက်ကြည့်လျှင် သာမန်လူတယောက်နှင့် ကွဲပြားပေါ်လွင်နေခြင်း မရှိစေရ။”

# အာဇာနည်ညီမလေး

## - မြသွဲ့သွဲ့ခိုင် -

နှင်းတွေလွှန်ခဲ့ပြီ
ကျောက်လမ်းမပေါ် ထွန်ခြစ်တွေတက်လာတယ်
တောတွင်းလရောင်ကို ကျောက်ဆောင်တွေ
ခုတ်မောင်းသွားတယ်

လေနဲ့တူတဲ့ အရောင်မရှိ
စပါးထက် ဝင်းပတဲ့ဝမ်းရေးမရှိ
သံပူထက် နွမ်းလျတဲ့အလုပ်မရှိ
ညီမလေးရဲ့မျက်နှာပေါ်က လမ်းမတွေထက်
သစ္စာဖောက်တွေရဲ့မျက်ခွက်က
လွမ်းလောက်စရာမရှိ

လူထုရဲ့အလံ
ကဗျာတပုဒ်ရဲ့အော်သံ
ဂီတနဲ့စည်းချက်မှန်ချိန်မှာ
မြို့ပလက်ဖောင်းဟာ
ဖက်ဆစ်တွေရဲ့အလောင်းကိုဖြန့်ခင်းနင်းချေဖို့
ကမ္ဘာကြီးရဲ့နားရွက်ပေါ် ဖြတ်ပျံရဦးမယ်

သေခြင်းတရားကို ဆုပ်ကိုင်တော်လှန်ရင်း
ကျဆုံးခဲ့သူ အာဇာနည်ညီမလေး မြသွဲ့သွဲ့ခိုင်
တို့တွေ လွမ်းလောက်ပါပေရဲ့



ညီမလေးဟာ
စားသုံးသူလက်ဖဝါးနုနုလေးတွေနဲ့
ကမ္ဘာကို သူကောင်းပြုခဲ့ရရှာတယ်

ဟစ်တလာ မကြောက်တေး
ဖရန်ကို မကြောက်တေး
မင်းအောင်လှိုင် မကြောက်တေး
ဖက်ဆစ် မကြောက်တေး
လွတ်လပ်သော တေးသီချင်းများစွာ
နှလုံးအိမ်ထဲက တလိမ့်ချင်းခုန်ထွက်
မနက်ဖြန်ညများအတွက်
တောင့်ခံရင်း ချီတက်ရဦးမယ်

နိုင်ငံတော်ညီမလေး မြသွဲ့သွဲ့ခိုင်
အာဇာနည်ညီမလေး မြသွဲ့သွဲ့ခိုင်
တိမ်တွေပြိုတော့မယ့်မိုးလို
နွေဦးပေါက်မှာ
တို့မျက်နှာတွေ ညှိုးညှိုးနေရပေမဲ့
တို့တွေ လွမ်းလောက်ပါတယ်။ ။

● ယူဂျင်း

# အခါတော်



နိုင်ငံတော်မှာ လူဆိုးတွေကြီးစိုးတော့
သူရဲကောင်းတွေ လမ်းပေါ် ထွက်လာရတယ် ...

သေဖို့ ရှင်နေရတာပဲ
ရှင်လျှက်နဲ့တော့ မသေလို ...

ဓမ္မကို သွေးနဲ့ပြန်ရွေးကြမယ်
အတိုးဘယ်လောက်ပဲ ပေးရ ပေးရ ...

သေနတ်က လူသတ်နေတာမဟုတ်ဘူး
လူက လူကိုသတ်နေတဲ့နိုင်ငံ ...

အသံတွေကို ဖွင့်ထားလိုက်
အလံတွေကို ဝင့်ထားလိုက် ...

ကျည်ဆံများကြားက ပြေးဖြတ်
ငြိမ်းချမ်းရေးဟာ ဆက်ဆက်ရောက်လာတော့မယ်။ ။

● ငြိမ်းကိုငြိမ်း

# အောင်ဆန်း ရုပ်ရှင်




● မင်းလွင်ဦး ●

စစ်ကောင်စီက အောင်ဆန်းရုပ်ရှင်ကို သူတို့ရိုက်မယ်လို့အသံပစ်လိုက်တယ်။ ကြည့်ကောင်းလိုက်မယ့်ဖြစ်ခြင်းလို့ မှတ်ချက်ပေးချင်တယ်။ တရားခံဘယ်သူလဲဟေ့လို့မေးချင်တယ်။ ဒါ သူတို့အလုပ်လား။ သူတို့လုပ်ရမယ့် ကိစ္စလား။

အောင်ဆန်းရုပ်ရှင်ဟာ နတ်ကြီးတယ်။ ဘယ်သူမှ မတို့ဝံ့ မထိဝံ့ဘူး။ ဆင်ဖမ်းမယ် ကျားဖမ်းမယ်ဆိုတဲ့ ကောင် တွေ ပက်လက်လန်ကုန်တယ်။ ဘာကြောင့်လဲ။

စစ်ကျွန်ပညာရေးစနစ်နဲ့ ကျောင်းပြီးခဲ့သူတွေ၊ ကျောင်းသင်ခန်းစာထဲက အောင်ဆန်းကိုပဲ သိသူတွေ၊ အောင်ဆန်းရုပ်ရှင်ကို ပေါ်ပေါ်လွယ်လွယ် ထင်တာ မဆန်းဘူး။ ဒါပေမဲ့ အောင်ဆန်းရုပ်ရှင် တကယ်ရိုက်မယ်ဆိုတော့ စာတိုပေစကလေးတွေဖတ်ကြည့်ရုံနဲ့တင် မလွယ်ကြောမှာ မျောကြရတယ်။

၁။ အောင်ဆန်းကြီးပြင်းနေထိုင်ခဲ့တဲ့ သမိုင်းခေတ်ကို သိရမယ်။

၂။ အောင်ဆန်းရဲ့ဘဝကို သိရမယ်။

၃။ အောင်ဆန်းကို နားလည်ရမယ်။ အကဲဖြတ်နိုင် သုံးသပ်နိုင်ရမယ်။

အောင်ဆန်းရုပ်ရှင်ရိုက်မယ်ပြောတော့ မဟတ္တမဂန္ဒီဇာတ်ကားကိုကြည့်ပါလို့အကြံပေးမိတယ်။ ဂန္ဒီဇာတ်ကားရဲ့အားသာချက်၊ အားနည်းချက်တွေပြောမိတယ်။ သမိုင်းသုတေသနအဖွဲ့ကထုတ်တဲ့ အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်ဖတ်ဖို့ပြောမိတယ်။ ဒီစာအုပ်နဲ့ မလုံလောက်ကြောင်းလည်း ရှင်းပြလိုက်ပါတယ်။ အဲဒီမှာ ပက်လက်လန်

ဆောင်းပါး

တာပဲ။ ရှိပြီးသားလောက်မှ လူရာဝင်အောင် မလုပ်နိုင်ရင် ဘာတန်ဖိုး ရှိတော့မလဲ။

၁။ အောင်ဆန်းက နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်လပ်ရေးခေတ်မှာ ကြီးပြင်းတယ်။ သူတို့ခေတ်ရဲ့ကြွေးကြော်သံက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဖြစ်တယ်။

၂။ အောင်ဆန်းဟာ ထင်ရှားတဲ့ ကျောင်းသားခေါင်းဆောင်ဖြစ်တယ်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အိုးဝေမဂ္ဂဇင်းအယ်ဒီတာနဲ့ သမဂ္ဂ ဥက္ကဋ္ဌတာဝန်ယူခဲ့တယ်။ ဒုတိယကျောင်းသားသပိတ်ကို စတင်ဖောက်ခွဲသူဖြစ်တယ်။ ဗကသလို့ခေါ်တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ စတင်တည်ထောင်သူနဲ့ ဥက္ကဋ္ဌတာဝန်အထိ ယူဖူးသူဖြစ်တယ်။

၁၃၀၀ ပြည့်အရေးတော်ပုံကာလ တို့ဗမာအစည်းအရုံးရဲ့ ဌာနချုပ် အထွေထွေအတွင်းရေးမှူးဖြစ်တယ်။ သူက ၁၃၀၀ ပြည့်အရေးတော်ပုံရဲ့ မူဝါဒပိုင်းဆိုင်ရာ ခေါင်းဆောင်စုထဲမှာ ပါခဲ့တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်တည်ထောင်သူလည်းဖြစ်တယ်။ ပါတီခေါင်းဆောင် အထွေထွေအတွင်းရေးမှူးလည်း ဖြစ်ခဲ့တယ်။ ဗြိတိသျှနယ်ချဲ့သမားကိုတော်လှန်ဖို့ တရုတ်ပြည် တော်လှန်ရေးခေါင်းဆောင် မော်စီတုန်းဆီ ခရီးထွက်ခဲ့သူဖြစ်တယ်။ ဒါပေမဲ့ အမွိုင်ကနေတဆင့် ဂျပန်ကိုရောက်တယ်။ ဗမာ့တပ်မတော် တည်ထောင်တယ်။ ဖက်ဆစ်ဂျပန်နဲ့အတူ ဗမာပြည်ကိုသိမ်းတယ်။ ဂျပန်ခေတ် စစ်ဝန်ကြီးနဲ့ ဗမာ့တပ်မတော် သေနာပတိဖြစ်တယ်။ ဂျပန်တော်လှန်ရေးလုပ်တယ်။

စစ်ပြီးတော့ တပ်ကထွက်တယ်။ ဖဆပလ ဥက္ကဋ္ဌဖြစ်တယ်။ ဘုရင်ခံ အတိုင်ပင်ခံကောင်စီ ဒုဥက္ကဋ္ဌ ကြားဖြတ်အစိုးရခေါင်းဆောင် ဖြစ်တယ်။ ဗြိတိသျှနယ်ချဲ့ရဲ့ လုပ်ကြံမှုကို ခံရတယ်။


၃။ အောင်ဆန်းအကြောင်းရေးတဲ့ စာအုပ်တွေရှိတယ်။ ဦးအောင်သန်းက သူ့ညီအကြောင်းကို ရိုးရိုးပဲ ရေးတာ ဖတ်ကောင်းတယ်။ ဗိုလ်ထွန်းလှရေးတာတွေလည်း အချက်အလက်ပါတယ်။ ကျန်တာတွေက တပိုင်းတကဏ္ဍ ကိုယ်သိသမျှရေးကြတာပဲ။ ဒီထဲမှာ လူထုက စွဲစွဲလန်းလန်းဖြစ်တာ ၂ ပုဒ်ရှိတယ်။ သခင်ကိုယ်တော်မှိုင်းကဗျာနဲ့ ဒဂုန်တာရာဆောင်းပါးပဲ။ အာဇာနည်နေ့အကြောင်း ဆရာဇော်ဂျီရေးတယ်။ နိုင်ငံရေးသဘောမပါဘူး။

အောင်ဆန်းအကြောင်းကို ရုပ်ရှင်ရိုက်မယ်ဆိုရင် ကိုယ်တိုင်အမြင်ပါရမယ်။ သူ့ကိုနားလည်မှ သူ့လုပ်ရပ်ကို ဝေဖန်ချင့်ချိန်နိုင်မှ ကောင်းမယ်။ အောင်ဆန်းဟာ စက်ရုပ်မဟုတ်ဘူး။ ချစ်စရာ၊ မုန်းစရာ၊ လွမ်းစရာ၊ သတိရစရာပါရမယ်။ ကျောင်းသားခေါင်းဆောင်၊ ကွန်မြူနစ်၊ ဗြိတိသျှရန်သူဖြစ်ရမယ်။ စစ်သားဘဝသက်သက်ရုပ်လုံးဖော်လို့မရဘူး။

သူတို့က ဘာကြောင့် အောင်ဆန်းအကြောင်းရိုက်ချင်ရသလဲ။ ၂ ချက်ရှိတယ်။ ပထမအချက်က အောင်ဆန်းရုပ်ရှင် ရန်ပုံငွေတွေလိုချင်လို့ပဲ။ ဒုတိယအချက်က ကျောင်းသားဆန့်ကျင်ရေး၊ ကွန်မြူနစ် ဆန့်ကျင်ရေး လုပ်ချင်လို့ပဲ။ မင်းအောင်လှိုင်က စစ်တပ်ဖခင် အောင်ဆန်းကို သဘောမတွေ့ဘူး။ စမစ်ဒွန်းသာ စစ်တပ်ဖခင်ဖြစ်ချင်တယ်။ ဟုတ်လည်း ဟုတ်တယ်။ ဂန္ဓီစာချုပ်အရ မျိုးချစ်တပ်မတော်ကို ဖျက်ဆီးပစ်လိုက်တယ်။ စမစ်ဒွန်းက စစ် ဦးစီးချုပ်ပဲ။ အောင်ဆန်းနဲ့ စစ်တပ်က ဘာမှ မဆိုင်တော့ဘူး။

ကြည့်ကောင်းလိုက်မယ့် ဖြစ်ချင်း။ ပြီးအောင်သာ ရိုက်နိုင်ပါစေ ဆုတောင်းတယ်။ အောင်ဆန်းရဲ့အရိုးက ပြန်တွန်ပြလိမ့်မယ်။ တရားခံ ဘယ်သူလဲဟော့ မေးစရာမလို။ မင်းအောင်လှိုင်သာ တရားခံအစစ် ဖြစ်လိမ့်မယ်။

● မင်းလွင်ဦး




စစ်သဘောတရားကျမ်းမှာတော့ ကမ္ဘာပေါ်မှာ တူညီတဲ့မြေပြင် ၂ ခု မရှိဘူးလို့ဆိုပါတယ်။ စစ်မြေပြင်ဟာ အရေးကြီးတယ်။ ဘယ်တိုက်ပွဲမှာမဆို မြေမျက်နှာပြင်ကိုကြည့်ပြီး စီမံခန့်ခွဲရတာချည့်ပါပဲ။ တိုက်ပွဲဝင်နေရတဲ့နေရာ မြေမျက်နှာပြင်ကိုလိုက်ပြီး ပစ်ခတ်မှုနဲ့ ရွေ့လျားမှု နည်းဥပဒေတွေကို အဆုံးအဖြတ်ပေးရတာပါပဲ။

မြေပြန့်လွင်ပြင်ဒေသတွေမှာ ပုန်းနိုင်ကွယ်နိုင်ဖို့ ပြဿနာကခက်ခဲတတ်တယ်။ တောတောင်ထူထပ်တဲ့ နေရာတွေမှာကျတော့ ပစ်ကွင်းရှင်းဖို့၊ ရန်သူကို ရှာဖွေကြည့်ရှုဖို့ လုံ့လထုတ်ရတယ်။ ဒီရေ အတက်အကျနဲ့ အကွေ့အချိုးများတဲ့ မြစ်ချောင်းတွေမှာ ရေစီးရေလာကိုသိရတယ်။ ရေအီချိန်ကို သတိထားရတယ်။ စစ်မြေပြင်မှာ ရုတ်ချည်း အပြောင်းအလဲဖြစ်တတ်လို့ပါပဲ။

တိုက်စစ်မှာပဲဖြစ်ဖြစ်၊ ခံစစ်မှာပဲဖြစ်ဖြစ် မြေမျက်နှာပြင် အနေအထားကို လိမ္မာပါးနပ်စွာ ရွေးချယ်အသုံးချတတ်ဖို့ အရေးကြီးတယ်။ ကျည်ကွယ် မျက်ကွယ်ရတာ၊ ပစ်ကွင်းကောင်းတာ၊ မြင်ကွင်းကောင်းတာတွေက အလစ်အငိုက်ရနိုင်တယ်။ ကျည်လုံတယ်။ မြေပြင်ကို အကဲခတ်နိုင်စွမ်းရှိတာက နေရာကောင်းကို ရစေတယ်။ အချိန်ကိုက် တိုက်ပွဲဝင်နိုင်တယ်။ မြေမျက်နှာအနေအထားနဲ့ပတ်သက်ပြီး စဉ်းစားရမှာ ၅ ချက်ရှိပါတယ်။

၁။ ပစ်ကွင်းနေရာကောင်းရွေးချယ်ခြင်း

၂။ စစ်မြေပြင်ကို စိုးမိုးတဲ့ မြင်ကွင်းရှာနိုင်ခြင်း

၃။ ကျည်ကွယ်အနေအထား ရရှိခြင်း

၄။ မျက်ကွယ်နေရာ ယူတတ်ခြင်း

၅။ အတားအဆီးတွေကို တမဟုတ်ချင်း သိမြင်ခြင်းတို့ပါပဲ။ ပစ်ကွင်း၊ မြင်ကွင်း၊ ကျည်ကွယ်၊ မျက်ကွယ်၊ အတားအဆီးလို့ အလွယ်မှတ်နိုင်တယ်။

ပစ်ကွင်းကောင်းတိုင်းလည်း မြင်ကွင်းမကောင်းနိုင်ဘူး။ ပစ်ကွင်းက ရန်သူရှိရာ ပစ်မှတ်ကို စိုးမိုးတဲ့နေရာပဲ။ မြင်ကွင်းက ရန်သူဆက်လှုပ်ရှားမှာကို တွက်ဆနိုင်အောင် မြေကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် မြင်ဖို့ လိုအပ်ပါတယ်။ ဌာနေ ဒေသခံ မြေကျွမ်းသူဟာ ဒီနေရာမှာ အားသာချက်ရှိတယ်။

မျက်ကွယ်ဖြစ်ရင် ကျည်ကွယ်ဖြစ်တယ်လို့ထင်ရပေမဲ့ ဒါလည်း မမှန်ဘူး။ ကိုယ်က မျက်ကွယ်ကို ရောက်ဖို့ လှုပ်ရှားမှုလုပ်ချိန်မှာ ရန်သူက လှမ်းမြင်လိုက်ရင် ကျည်ကွယ် မဖြစ်တော့ဘူး။ အဖြောင့်သွားတဲ့ သေနတ်ကျည် ရောက်မလာနိုင်တောင် စက်ဝိုင်းခုံးအတိုင်းရောက်လာမယ့် အမြောက်ကျည် မော်တာကျည် အန္တရာယ်ရှိတယ်။ မျက်စိနဲ့မမြင်ရပေမဲ့ လူရှိနေမှန်းသိရင် လက်ပစ်ဗုံးနဲ့ လှမ်းထုလို့ရတယ်။

ပစ်ခတ်သူ တွက်ဆလို့မရနိုင်တဲ့မြေကို ကျည်လွတ်မြေလို့ခေါ်တယ်။ မြေကျွမ်းသူဟာ မျက်စိနဲ့ မမြင်နိုင်တဲ့ ကျည်လွတ်မြေကို ကောင်းကောင်းကြီးသိနိုင်တယ်။ အတားအဆီး အကာအကွယ်ရဲ့နောက် ကျည်လွတ်မြေ အတွင်းမှာရှိနေတဲ့ တပ်ဟာ ရန်သူရဲ့ ကြည့်ရှုပစ်ခတ်မှုကနေ လွတ်နိုင်တယ်။ ဒါပေမဲ့ အမြောက် စိန်ပြောင်းတွေရဲ့ ခံစစ်ပစ်ခတ်မှုက အဲဒီနေရာတွေကိုပဲ ရှာဖွေပစ်ခတ်တာပါ။

မြေမျက်နှာပြင် အနေအထားကို စီမံခန့်ခွဲမှု ညံ့ဖျင်းတဲ့အတွက် ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်က ၆ မျိုးရှိတယ်။

၁။ မြေမျက်နှာပြင် ထောက်လှမ်းမှု ပေါ့ဆတဲ့အတွက် လိုအပ်တဲ့ ကြိုတင်ကာကွယ်မှုတွေ မလုပ်နိုင်ဘူး။

၂။ ရန်သူမြင်နိုင်တဲ့နေရာမှာ လှုပ်ရှားမှု လုပ်မိတတ်တယ်။ စစ်မြေပြင် သဘာဝက လှုပ်မှ မြင်တဲ့သဘော ရှိတယ်။

၃။ ပစ်မှတ်ထင်ရှားတဲ့ သစ်ပင်၊ တောအုပ်၊ အဆောက်အအုံတွေကို အကာအကွယ် ယူမိတတ်တယ်။ ရန်သူက အဲဒီ သစ်ပင်၊ တောအုပ်၊ အဆောက်အအုံကိုပါ ပြိုလဲအောင် ဖြိုခွဲပစ်နိုင်တယ်။

၄။ ခိုလှုံဖို့ ကောင်းတဲ့နေရာတိုင်းဟာ ရန်သူက လျာထားပစ်မှတ်အဖြစ် တွက်ဆထားပြီးသားဖြစ်တယ်။ ဥပမာ ဘန်ကာနောက်မှာ လူရှိမယ်တွက်ပြီးသား။ ရန်သူ့မျက်စိနဲ့ မမြင်ရဘဲနဲ့ကို RPG နဲ့ အထုခံရဖို့ သေချာပြီးသား ဆိုတာမျိုးပါ။

၅။ လေကြောင်းရန် အကာအကွယ်ကို ဖုံးဝှက်ထားဖို့ ပျက်ကွက်တာပါ။ ဒါက ကြိုတင်ကာကွယ်မှု မပြည့်စုံတဲ့အတွက် မြေပြင်မှာ ကျည်ကွယ်မျက်ကွယ်၊ ပစ်ကွင်း မြင်ကွင်း ကောင်းပေမဲ့ လေယာဉ်ပေါ်က ကြည့်တဲ့အခါ ထင်းနေတတ်တာမျိုးပါ။

၆။ လမ်းရိုးမကောင်းရင် လမ်းကြောင်းအသစ်လုပ်ရမယ်။ ဒါက မြေပြင်မှာရှိတဲ့ ရန်သူက အလွယ်တကူ မသိနိုင်ပေမဲ့ ကင်းထောက်လေယာဉ်ကတော့ မှတ်တမ်းတင်ပြီးသား ဖြစ်တတ်တယ်။ ဒါကို ကြိုတင်တွက်ဆပြီး စီမံဖို့ မဖြစ်မနေ လိုအပ်ပါတယ်။

လေကြောင်းနဲ့ မြေပြင် ၂ ဖက်စလုံး ဖုံးကွယ်မှုရရှိနိုင်ခြင်းဟာ ထူးခြားတဲ့အခွင့်အရေး ဖြစ်ပါတယ်။ ဒီလို မြေမျက်နှာပြင် အခွင့်ကောင်းကို လက်မလွတ်စေရဘူး။ မြေအနိမ့်အမြင့်၊ သတ်ကွင်း၊ စွပ်ကြောင်းအနေအထား တွေကို သတိထားတွက်ချက်နိုင်ရမယ်။ ဒါတွေက တိုက်ပွဲရဲ့ အရှုံးအနိုင်ကို ဖန်တီးပေးတတ်တယ်။

မြေမပိုင်ရင် စစ်မတိုက်ရဘူးလို့တောင် ဆိုထုံးရှိတယ်။ ဒါပေမဲ့ စစ်ဆိုတာ အမြဲတစေ ကိုယ်ပိုင်တဲ့မြေမျက်နှာပြင်မှာ တိုက်နေရတာချည့်ပဲ မဟုတ်ဘူး။ ဒါကြောင့် ပစ်၊ ထောက်၊ မှောက်၊ လိုမ့် မလုပ်ခင် မြေပြင်ကို ကြိုသိအောင် အချိန်တိုင်း ဂရုစိုက်ကြဖို့ပါ။


ဆောင်းပါးအစမှာ တူညီတဲ့ မြေပြင် ၂ ခုမရှိဘူးဆိုတာ ပုံစံတူဆင်နွှဲနိုင်တဲ့တိုက်ပွဲ ဘယ်တော့မှ ထပ်တူမရှိဘူးလို့ ဆိုလိုတာပါ။ စစ်ပွဲမှာ ဘယ်အရာမှ ပုံသေမရှိဘူး။

● တင်မြင့်ဇော်

# သတင်းရေးသတင်းရှာ မှတ်စုများ

× ဘိုးဒေါင်း ×

အပိုင်း - ၈




ကြုံရင်ကြုံသလို ထောက်ပံ့ပို့ဆောင်ရေး အလွန်အရေးကြီးပုံကို ပြောလေ့ရှိပါတယ်။ ဒါဟာ တကယ် လိုအပ်ချက်တခုဖြစ်တဲ့အတွက် ပြောပြီးရင်းပြောနေရတာ။ စစ်ဆင်ရေးတခုရဲ့ အောင်မြင်မှုဟာ ထောက်ပံ့ပို့ဆောင်ရေးက အဓိကအချက်တခုဖြစ်နေလို့ပဲ။ ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်စစ်ဦးစီးမှူး သင်တန်းဆရာ'မက်နိုင်း'ကလည်း ထောက်ပံ့ပို့ဆောင်ရေးနဲ့ပတ်သက်ပြီး အထူးပြုသင်ကြား ပြောခဲ့တာရှိတယ်။ သူက…

"အစွမ်းရှိရှိ အရည်အချင်းပြည့်ပြည့် ထောက်ပံ့ရေးဟာ စစ်ပွဲတပွဲရဲ့ လိုအပ်ချက်ဖြစ်သလို စစ်ဆင်ရေးရဲ့ အောင်မြင်မှုမှာ ထင်ရှားတဲ့အချက်တချက်ပဲ။ စစ်မြေပြင်က တပ်မတွေနဲ့ပတ်သက်တဲ့ပြဿနာရပ်ဟာ ဘာလဲဆိုရင် ဒီစစ်တပ်တွေကို စစ်လက်နက် ခဲယမ်းမီးကျောက်၊ တပ်ရိက္ခာ၊ စစ်သုံးပစ္စည်းတွေကို အချိန်မှီထောက်ပံ့နိုင်ရဲ့လားဆိုတာပဲ။ အဲ့ဒီလို အရည်အချင်းပြည့် ထောက်ပံ့နိုင်ပြီဆိုရင် စစ်ဆင်ရေးမှူးတွေဟာ ဒီထမ်းဆောင်မှုရဲ့ အကျိုးအာနိသင်ကို မုချခံစားရလိမ့်မယ်"လို့ သင်ကြားပေးခဲ့တယ်။

ဒါကြောင့် စစ်ဆင်ရေးတခုလုပ်မယ်ဆိုရင် ထောက်ပံ့ပို့ဆောင်ရေးကို သေချာပြင်ဆင်ပါ။ ရိက္ခာ၊ တပ်ကူ၊ လက်နက်ခဲယမ်း မီးကျောက်မှအစပေါ့။ စစ်ကူဆိုရာမှာ ကိုယ့်ဘက် သူ့ဘက် နှစ်ဘက်ရှိတာကြောင့် ကိုယ့်ဘက်စစ်ကူ လာရာလမ်းအပြင် သူ့ဘက်တပ်ရဲ့လာရာလမ်းကို ပိတ်ဆို့ဖြတ်တောက်ခြင်းလည်းပါတယ်။

ဆောင်းပါး

ရှေ့ကို အလောတကြီး ထိုးစစ်ဆင်ဖိတိုက်ပြီဆိုရင် နောက်ပိုင်းက ရိက္ခာလက်နက်ဖြည့်တင်းပေးနိုင်ရေး နဲ့ အဆက်အသွယ်ပြတ်မသွားဖို့လည်း အရေးကြီးတယ်။ နောက်ပိုင်းနဲ့ အဆက်အသွယ်ပြတ်တောက်သွားပြီ ဆိုတာနဲ့ ထိုးစစ်ဟာရပ်တန့်သွားပြီး ကိုယ့်အတွက် အန္တရာယ်ရောက်နေပြီသာမှတ်ပေတော့။ ဒါကြောင့် ရှေ့ကို အလောတကြီး ဝက်ခေါင်းထိုးစစ်ဆင်ပြီဆိုရင် နောက်တန်းထောက်ပို့အဖွဲ့နဲ့ အဆက်အသွယ်မပြတ်ဖို့ လိုတယ်လို့ စစ်ပညာရှင်တွေက ပြောလေ့ရှိပါတယ်။

စစ်ဆိုတာ တဖက်သတ်ဆုံးဖြတ်လို့ရတဲ့ အရာတော့မဟုတ်ပေဘူး။ ရန်သူ့ဘက်ကလည်း သူ့နည်းသူ့ဟန်နဲ့ ပြင်ဆင်တာရှိတယ်။ ကိုယ့်ဘက်က အစစအရာရာသေချာအောင် ပြင်ဆင်ထားဖို့လိုတယ်။ နပိုလီယံဟာ ရုရှားကို ရာသီဥတုတခုတည်းကြောင့် စစ်ရှုံးတာမဟုတ်ဘူး။ ရိက္ခာပြတ်လတ်မှုကြောင့်လည်း ပါတယ်ဆိုတာမမေ့လေနဲ့။

စစ်ဆင်ရေးတခုမှာ ရန်သူနဲ့တိုက်ခိုက်ရေးလို အရေးပါတာက လမ်းပန်းဆက်သွယ်မှု ဘယ်လောက် ကောင်းလဲ။ ဘယ်နေရာက လမ်းပန်းဆက်သွယ်ရေးမှာ အဓိကကျသလဲ။ ကိုယ့်တပ်အတွက် တနေ့ရိက္ခာ ဘယ် လောက်ကုန်လဲ။ စစ်ဆင်ရေးမှာ အနည်းဆုံး ဘယ်နှရက်ကြာမလဲ။ လက်နက်ခဲယမ်းမီးကျောက် ဘယ်လောက် သုံးမလဲ။ စစ်ပွဲဖြစ်နေစဉ် ရှေ့တန်းကို ရိက္ခာဘယ်လိုပို့မလဲဆိုတာတွေကို စဉ်းစားထားပြီးဖြစ်ရမယ်။

ဒါလောက်ဆိုရင် ထောက်ပို့အတွက် လုံလောက်ပြီလို့ ထင်ပါတယ်။နောက်တပတ်ဆုံကြသေးတာပေါ့။

● ဘိုးဒေါင်း



# ယုံကြည်မှု မြစ်ဖျားက ကျည်ဆံ

-ဦဝါး-

အလှပဆုံးမြစ်ဖျားက ရုန်းကန်ထွက်လာတဲ့ အသီး အပွင့်ဆိုတာ အထီးကျန်ပူလောင်မှုထဲက ဘဝတွေပဲ ဖြစ်တယ်။ ဝါကျအစောပိုင်းကာလ ခေါင်းဆောင် လိုက်ရှာနေတဲ့ ခေါင်းစဉ်တချို့ရဲ့ စိုးရိမ်မှုဟာလည်း လူသားဆန်မှုပါပဲ။ ကမ္ဘာကြီးရဲ့ လူသားဆန်မှုက မိသားစုဝင်တယောက်လို အမှီအခိုကင်းရဲ့လား၊ တည်ဆောက်ယူရတဲ့ ယုံကြည်ထိုက်သူလား၊ မေးခွန်းတွေက ကမ္ဘာကြီးဆန်နေ

အက်ဆေး

တယ်။ လူတွေကို သွေးအမျိုးအစား ခွဲကြည့်ကြတယ်။ ရေ၊ မြေ၊ ဒေသ ပိုင်းခြားကြတယ်။ တိုင်းရင်းသားဆိုတဲ့ ပွင့်လင်းမှုကို ဘာသာစကားနဲ့ တိုင်းတာကြတယ်။ နောက်ဆုံး ကိုးကွယ်မှုကိုတောင် ငြင်းခုန်ကြတယ်။ သချိုင်းမီးဝ မှာတော့ တရောင်တည်း တသံတည်းထွက်လာတယ်။

နိုင်ငံသူ၊ နိုင်ငံသားလို့ဆိုရင် ခင်ဗျားတို့ ကျနော်တို့ရဲ့ အရေပြားပေါ်မှာ အလွန်မာကျောတဲ့ မျှော်လင့်ချက်တွေ ဝတ်ဆင်ပေးခြင်းမျှသာ ဖြစ်တယ်။ တိုးတက်တဲ့နိုင်ငံသားတိုင်း သာယာဝပြောတဲ့ ပြည်သူ/ပြည်သားပဲ လိုလားကြတယ်။ အင်အားပြည့်ဝပါတယ်ဆိုတဲ့ အာဏာရှင်မှန်သမျှ ရေစိမ်ထားတဲ့ ပုံပြင်တပုဒ်လို ပျော့ပြဲပျောက်ကွယ်သွားစမြဲပါပဲ။

ကမ္ဘာမြေပေါ်က လူသားသတ္တုတွင်းမှန်သမျှ ကိုယ့်အခွင့်အရေး ကိုယ်တိုင်တူးဖော်ခဲ့ကြသူတွေပဲ။ သတ္တုအရသာကို ခံစားသိနိုင်တယ်။ ကိုယ့်အပင် ကိုယ်ကြီး၊ ကိုယ့်အရိပ် ကိုယ်ခိုလှုံနိုင်ဖို့ လူသားရဲ့ မွေးရာပါအခွင့်အရေးဖြစ်တယ်။ လူ့သမိုင်းတလျှောက် လူ့အရေခြုံ အာဏာရူးတွေပေါ်လာတိုင်း သဘာဝဘေးအန္တရာယ်ထက် ပိုမိုဆိုးဝါးတဲ့ အာဏာရူးတွေရဲ့ အန္တရာယ်ပါပဲ။

လူသားအရင်းအမြစ်ဖြစ်ထွန်းဖို့ဆိုရင်လည်း ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်း၊ လူသားဆန်မှုပြည့်ဝတဲ့ ကိုယ်ချင်းစာနာတတ်တဲ့ ပတ်ဝန်းကျင် ဒါတွေဟာ လူတယောက်တည်းလိုအပ်နေတဲ့ အရေးကိစ္စမဟုတ်ပါဘူး။ လူသားအားလုံး အလွန်လိုအပ်နေတဲ့ မြေသားဓာတ်တခုဖြစ်တယ်။

လေထုထဲက အမှုန်အမွှားလေးတောင် ကိုယ်နဲ့တသားတည်းရှိမနေဘူး။ ငါတို့မကျူးလွန်မိတဲ့ ဥပဒေနဲ့ ငါတို့မှာ ပြစ်မှုမြောက်နေတယ်။ လမ်းမတွေပေါ်မှာ လမ်းပျောက်နေတဲ့ ကြောင်ပေါက်စလေးတကောင်မဟုတ်ဘူး။ အရေးတကြီးဖြတ်သွားနေကြတာလည်း လမ်းညွှန်ဆိုင်းဘုတ်တွေမဟုတ်ဘူး။ တူရွင်းတချောင်းရဲ့ အတိမ်အနက်လည်း မဖြစ်နိုင်သလို ပေါက်တူးတလက်ရဲ့ နေ့စားခလည်း မဟုတ်ပြန်ဘူး။ ကိုယ်လုပ်ကျွေးနေလို့ သူတို့ စားနေရတာပါလို့ပြောခဲ့တာ ဘယ်လောက်ကြာသွားပြီလဲ။ လက်တွေ့ပြည့်စုံမှုဟာ အရသာရှိရှိ ကိုယ့်ပါးစပ်ပေါက်ထဲ ရောက်လာပြီလား။ ညမှာ မှန်မှန်အိပ်ပြီး မနက်မှာ အားအပြည့်သွင်းခံထားရတဲ့ ဖုန်းတလုံးလောက်အသုံးဝင်ရဲ့လား။

လူသားစစ်စစ်တွေရဲ့ အသက်ရှင်ရပ်တည်မှုဟာ ကိုယ့်ခန္ဓာကိုယ်ထဲကထွက်လာတဲ့ အသိဉာဏ်ထက် ဘုရားသခင်ရဲ့ခန္ဓာကိုယ်ထဲက အသိဉာဏ်ကို ပိုပြီးယုံကြည်လွယ်ကြတယ်။ အချိန်ကာလတခုရဲ့ မြစ်ဖျားက စီးဆင်းလာမှာ ဘယ်လိုအသီးအပွင့်မျိုးလဲ ကျနော်သိချင်နေမိတယ်။

● ကိုဝါး




အက်ဆေး




တကယ်တော့ မမမော်လီ ဘာကိုမှ မပြောချင်ပါဘူး။ ဖြစ်နိုင်ရင် ငပိန်းတွေအကြောင်းဆို ပိုလို့ကို မဟချင်သေး။ ဒါပေမယ့် အခုက သိပ်ကို အရေးကြီးလို့ ပြောရပါဦးမယ်။ ပိုပြီး အရေးကြီးတာက (ကြီးကြီးကျယ်ကျယ်ပြောတယ်တော့ မထင်ပါနဲ့) တိုင်းပြည်ရဲ့ အနာဂတ်၊ မမမော်လီတို့ရဲ့ ရင်နှစ်သည်းချာ ရင်သွေးကလေးတွေ အရေးမို့လို့ပါပဲ။

အကြမ်းဖက်စစ်ကောင်စီက မေလတုန်းက တက္ကသိုလ်ကျောင်းတံခါးတွေကို သေနတ်နဲ့ရိုက်ဖွင့်ပြီး ကျောင်းပြန်ဖွင့်ပြီလို့ အရှက်မရှိ ကြေညာခဲ့ပြီးပါပြီ။ သူတို့ပြောတဲ့ ကျောင်းတွေ ပြန်ဖွင့်တယ်ဆိုတာကလည်း ခြောက်ကပ်နေလိုက်တာမှ သုဿန်တစပြင်လိုပါပဲ။ စာသင်ခန်းထဲ ပြန်မလာနိုင်တော့တဲ့ အတန်းဖော်တွေရဲ့ ပေးဆပ်ခဲ့မှုတွေကို အောက်မေ့တန်ဖိုးထားတဲ့ (တကယ့်) တက္ကသိုလ်ကျောင်းသားတွေက စစ်ကောင်စီကဖွင့်တဲ့ တက္ကသိုလ်မြေကို ခြေတောင်မချခဲ့ပါဘူး။

အခုလည်း ဇွန်လထဲမှာ အခြေခံပညာကျောင်းတွေကို ပြန်ဖွင့်ဖို့အတွက် အကြမ်းဖက်သမားတွေ သေနတ်တကားကားနဲ့ ကြံစည်နေကြပြန်ပြီ။ ဘာတဲ့ … ကျောင်းတွေရဲ့ လုံခြုံရေးအတွက် စောင့်ဖို့ဆိုပြီး အိမ်ထောင်ဦးစီးတယောက်စီ အလှည့်ကျ တာဝန်ယူရမယ်ဆိုလား။ ပညာတွေစုနေမယ့် ရပ်ဝန်းဟာ ပညာတတ်တွေ ဦးစီးစီမံမယ်ဆိုရင် သေနတ်မပြောနဲ့ အပ်တိုတချောင်းတောင် ကိုင်စရာမလိုပါဘူး။ အခုဟာက သူတို့ကိုတောင် လုံခြုံရေးပြန်ပေးရဦးမယ့်ပုံပါပဲ။

နောက်တခုက အားလုံးသိတဲ့အတိုင်း ဟိုနေရာမှာ ဗုံးပေါက်၊ ဒီနေရာမှာ ဗုံးပေါက်နဲ့ ဖြစ်ခဲ့တာတွေကြည့်လိုက်ရင် စစ်အာဏာရှူးတွေ တပ်စွဲထားတဲ့နေရာတွေ၊ သူတို့တွေရဲ့ အုပ်ချုပ်ရေးယန္တရားကို လည်ပတ်စေနိုင်မယ့် အဆောက်အဦးတွေချည်းပါပဲ။ ကိုယ့်ဝမ်းနဲ့လွယ်ထားတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအရွယ်ရင်သွေးတွေကို ဒီလို သတ်ကွင်းထဲ ကိုယ့်လက်နဲ့ကိုယ်ပို့ဖို့ ဘယ်မိဘက စဉ်းဦးစားပါ့မလဲ။ ကျောင်းပို့တဲ့ လက်က သွေးစွန်းတဲ့လက်ဖြစ်သွားမှာ ကေန်ပါပဲ။

မမမော်လီ ပြောပါပြီ။ တက္ကသိုလ်ကျောင်းတွေပြန်ဖွင့်တုန်းက "ကျောင်းမတက်နဲ့ ကျောင်းပျက်" ဆိုပြီး ကျောင်းသားတွေ CDM လုပ်ခဲ့ကြပါတယ်။ အခုက ကျောင်းသားမိဘတွေ CDM လုပ်ရမယ့် အချိန်ပါပဲ။

"ကျောင်းထဲမပို့ဘဲ ပြောင်းလဲစို့"ပေါ့။ တကယ့် ပညာအစစ်အမှန်ဟာ စာသင်ကျောင်း အဆောက်အဦးတွေထဲမှာ ရှိနေတာမဟုတ်ပါဘူး။ ပညာဆိုတာ ဝေမျှသူနဲ့ လက်ခံသူတို့ကြားမှာ ရှိတဲ့အရာပါ။ ဒါဆို "ကျမတို့ကလေးတွေကို ကျောင်းမပို့ရင် စာမတတ်ဘဲနေမှာပေါ့"လို့ မမမော်လီကို မေးခွန်းထုတ်နိုင်ပါတယ်။ ကျွန်ပညာရေးစနစ်ကနေသင်ကြားပေးလိုက်တဲ့ ပညာတွေက ဘဝကိုလျှောက်လှမ်းဖို့ မလုံလောက်လို့ ၁၁ နှစ်လောက်ကျောင်းတက်ပြီးချိန်မှာ ပြင်ပကနေ လေ့လာသင်ယူစရာတွေ တပုံတပင်ကြီး ဆက်လက်သင်ယူခဲ့ရတာ မျိုးဆက် ၃ ဆက် မကတော့ပြီမလား။

တချို့နိုင်ငံတွေမှာဆိုရင် မိဘက သားသမီးကို အိမ်မှာပဲ စာသင်ပေးတဲ့ Homeschooling အလေ့ကိုကျင့်သုံးကြတာ နှစ်နဲ့ချီနေပါပြီ။ အခုလို ခေတ်ဆိုးကြီးမှာ အိမ်ထဲမှာပဲ မိဘနဲ့ ရင်အုပ်မကွာ စောင့်ရှောင့်ရင်းအခြေခံပညာမှာ တတ်သင့်တဲ့ သင်ခန်းစာတွေကို မိဘတွေကိုယ်တိုင် သင်ကြားပေးလို့လည်းရပါတယ်။ ဒီအရေးကို ယာယီအစိုးရမင်းများကလည်း ရှေ့တန်းတင်ဆောင်ရွက်ပေးပါလို့ မမမော်လီ လေးစားစွာ တောင်းဆိုလိုပါတယ်။

အားရဖွယ်ရာ ရလဒ်တချို့လည်း မြင်နေရပါပြီ။ ဖက်ဒရယ်တက္ကသိုလ်ကြီးလည်း စတင်အကောင်အထည်ဖော်နေတာကို မမမော်လီ အထူး လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ ပြီးခဲ့တဲ့တခေါက်က ပြောသလိုပေါ့။ လူထုတစ်ရပ်လုံး CDM လုပ်ရတော့မယ့် အခုအချိန်မှာ ကိုယ့်ကလေးတွေကို ကျောင်းမပို့ဘဲ အိမ်မှာပဲ စာသင်ခြင်းက စစ်ကောင်စီနဲ့မပူးပေါင်းတဲ့ "ဘူးသပိတ်"တရပ်ပါပဲ။ ကျောင်းမအပ်တဲ့အတွက် ကျောင်းလခမသွင်းခြင်းအားဖြင့် ပြည်သူတွေကို ပြန်သတ်မယ့် ကျည်ဆန်ဖိုးတွေဆီ ပြည်သူ့ငွေတွေ မရောက်တော့ဘူးပေါ့။

မမမော်လီ ပြောပါပြီ။ ကလေးတွေကိုကျောင်းပို့မယ် စဉ်းစားတိုင်း စစ်ကောင်စီရဲ့လက်ချက်ကြောင့် အရွယ်မတိုင်ခင်ပဲ အသက်နဲ့ကိုယ်အိုးစားကွဲခဲ့ရတဲ့ ကလေးလေးတွေကိုမြင်ယောင်ပါ။ စာအုပ်တွေမပါတဲ့ ကျောပိုးအိတ်ကလေးတွေကို လွယ်ရင်း စစ်ရှောင်နေရတဲ့၊ စစ်ဘေးဒဏ်ကို နှစ်ပေါင်းများစွာ ခံနေရတဲ့ လူမမယ်ကလေးတွေကို မြင်ယောင်ပါ။ အမှန်တရားအတွက် အဖြူအစိမ်းဝတ် ဆန္ဒထုတ်ဖော်ရင်း အသက်ပေးလိုက်ရတဲ့ ဆရာမတွေကို မြင်ယောင်ပါ။

သမိုင်းတလျှောက် ဒီမိုကရေစီအရေးအတွက် ပေးခဲ့ရတဲ့ အသက်တွေ၊ ဘဝတွေ၊ သွေးမခြောက်သေးတဲ့ လမ်းမတွေကို သတိရပါ။ စာသင်ခန်းထဲကို ဘယ်တော့မှ ပြန်မလာနိုင်တော့တဲ့ ဝိညာဉ်တွေကို အမှတ်ရပါ။

ဒါကြောင့် မိဘတွေကို မမမော်လီပြောချင်တာကတော့ "ခေတ်ကောင်းသို့ပြောင်းလဲဖို့ စနစ်ဟောင်းကိုမြောင်းထဲပို့၊ တို့ကလေးတွေကို ကျောင်းထဲမပို့ပါနှင့်"။

ကိုင်း … တော်သေးပြီ။ နောက်ထပ်ပြောဖို့လိုတဲ့အခါ မမမော်လီ ပြောပါဦးမယ်။

● ● ●



# ပြည်တွင်း သတင်းအတိုအထွာ

(၁၃.၅.၂၀၂၁)
- ■ တပ်မ ၇၇ က စစ်သုံ့ပန်းများလွှတ်ပေးရန် KIA နှင့်ညှိနှိုင်း။
- ■ ပတ်စပို့စ်ရုံးပြန်ဖွင့်၊ လာလျှောက်သူရာချီရှိ။
- ■ ထိုင်းကို ခိုးဝင်တဲ့ မြန်မာနိုင်ငံသား ၁ လအတွင်း ၄၀၀ ကျော် ဖမ်းဆီးခံရ။

(၁၄.၅.၂၀၂၁)
- ■ စစ်တပ်ထုတ် မြန်မာဘီယာရောင်းအား ၄၆%ကျဆင်း။
- ■ ရန်ကုန်လူဦးရေ ၆ သိန်းခန့် စားနပ်ရိက္ခာအတွက် ဒေါ်လာ ၄ သန်းကို WFP ကတာဆင့် ဂျပန်ပေးအပ်။
- ■ မိုးမောက်မြို့နယ်အုပ်ချုပ်ရေးမှူး နှုတ်ဆက်ပွဲတွင်ပေါက်ကွဲမှုဖြစ်ပြီး ဝန်ထမ်း ၄ ဦးဒဏ်ရာရ။

(၁၅.၅.၂၀၂၁)
- ■ ရွှေဘိုမြို့ စည်ပင်သာယာဈေး မီးလောင်၊ စကစလက်ချက်ဟု ရွှေဘို PDF ထုတ်ပြန်။
- ■ မုံရွာမြို့က ကဗျာဆရာ ပရဟိတသမား ဦးစိန်ဝင်း မီးရှို့ သတ်ဖြတ်ခံရ။
- ■ EAOs များညီညွတ်ပါက စစ်အာဏာရှင်အမြစ်ဖြတ်နိုင်မည်ဟု KNU ဒုဥက္ကဋ္ဌဟောင်းနော်စီဖိုးရာစိန်ပြော။

(၁၆.၅.၂၀၂၁)
- ■ မင်းတပ်တိုက်ပွဲ US,UK ရှုတ်ချ၊ စစ်တပ်၏လုပ်ရပ်သည် မိုက်တွင်းနက်မှုဟု US ဆို။
- ■ အလုပ်ရပ်နားရသော CDM ဆရာ/ဆရာမ စုစုပေါင်းတသိန်းနီးပါးရှိ။
- ■ စစ်ကိုင်းယင်းမာပင်တွင် စစ်ဘေးရှောင်များကို NUG ထောက်ပံ့။
- ■ အာဏာသိမ်းပြီးနောက် စကစနဲ့ KIA ကြား တိုက်ပွဲပေါင်း ၁၄၀ ခန့်ဖြစ်။

(၁၇.၅.၂၀၂၁)
- ■ စကစ ဆက်အုပ်ချုပ်နေရင် ပြည်သူအားလုံး လက်နက်ကိုင်ကြလိမ့်မည်ဟု KIA ပြော။
- ■ ဖားကန့်မှာ စကစ က လစဉ်ကြေးယူပြီး တရားမဝင်ကျောက်စိမ်းတူးဖော်ခွင့်ပြုနေ။
- ■ တရားမဝင်ရွှေတူးဖော်မှုများပြားလာလို့ ဆွမ်ပရာဘွမ်မှာ သောက်သုံးရေအခက်အခဲဖြစ်။

(၁၈.၅.၂၀၂၁)
- ■ မင်းတပ်မှ တောတောင်ထဲစစ်ဘေးရှောင်ပြည်သူ ၃၀၀၀ မှ ၅၀၀၀ ကြားရှိ။
- ■ မဲမသမာမှုများ လုံးဝမတွေ့ရဟု ရွေးကောက်ပွဲစောင့်ကြည့်ရေး အာရှကွန်ရက်(ANFREL)ထုတ်ပြန်။

(၁၈.၅.၂၀၂၁)
- ■ ဖုန်းကြားဖြတ်နားထောင်ရန် အာဏာမသိမ်းခင် စကစ ကြိုတင်စီစဉ်ခဲ့။
- ■ စစ်တပ်မှ ဓာတုလက်နက်အသုံးပြုနေသည်ဟု သံသယရှိကြောင်းမင်းတပ် CDF ပြော။
- ■ ဗန်းမော်ခရိုင်တွင် စစ်ဘေးရှောင် ၆၀၀၀ ကျော်ရှိ၊ အိန္ဒိယနယ်စပ်၌ ၁၅၄၀၀ ကျော်ရှိ။




(၁၃.၅.၂၀၂၁)

■ ဗန်းမော်မြို့နယ်၊ စင်းခန်းကျေးရွာတွင် တာဝန်ကျသည့် စစစ(စုံစမ်းစစ်ဆေးရေး)တဦး ရွှေကူမြို့ မင်းကျောင်း ကုန်းကျောင်းကျေးရွာတွင် အသတ်ခံလိုက်ရ။

(၁၄.၅.၂၀၂၁)

■ BGF နှင့် စကစ တပ်ဖွဲ့ဝင်အကြား မှားယွင်းပစ်ခတ်၊ BGF ၁၂ ဦးနှင့် စကစ ၃ ဦးသေဆုံး။

■ မြဝတီမှာ၌ စကစခန့်အပ်ထားသော အင်ကြင်းမြိုင်ကျေးရွာ ဥက္ကဋ္ဌ အသတ်ခံရ။

(၁၆.၅.၂၀၂၁)

■ CDF ဟားခါးမှ ဖမ်းထားသော ရဲအရာရှိ ၃ ဦးအပါ ၄ ဦးကို သေဒဏ်ချမှတ်။

(၁၇.၅.၂၀၂၁)

■ ဟားခါးမြို့နယ် တိုက်ပွဲတွင် စကစ ၆ ဦးသေဆုံး၊ ၁၀ ဦးဒဏ်ရာရ။

(၁၈.၅.၂၀၂၁)

■ CDF ဟားခါးနှင့် စစ်တပ်တိုက်ပွဲဖြစ်၊ စစ်တပ် ၅ ယောက်သေ။

■ လမ်းမတော်ထွေအုပ် ဦးခေါင်းပွင့်သေဆုံး။

■ ရှမ်းမြောက် ကွတ်ခိုင်တွင် ၂ ရက်အတွင်း စစ်တပ်ဆီကား ၇ စီး KIA ဖျက်ဆီး။

(၁၉.၅.၂၀၂၁)

■ ဖယ်ခုံမှာ ဒလန်လင်မယား ပစ်သတ်ခံရ။

■ ဘုရားသုံးဆူ ရပ်ကွက်ဥက္ကဋ္ဌ၊ မြောင်မြို့နယ် ရပ်ကျေးဥက္ကဋ္ဌနဲ့ မိသားစုဝင် ၃ ဦးပစ်သတ်ခံရ။

**"**

**ဒီတပတ်တော့ ကျေးလက်ရော မြို့ပေါ်မှာပါ ဒံပေါက်နံ့တွေသင်းကြိုင်လျှက်ရှိပါတယ်။ မြို့ပေါ်သာရေးသတင်းများဟာ လာမည့်အပတ်တွေမှာလည်း ဆက်လက်သာယာနေဦးမှာမို့ အကြမ်းဖက်စစ်အုပ်စုနဲ့နီးရာ ရုံးတွေ အဆောက်အအုံတွေ၊ စစ်အုပ်စုစီးပွားနဲ့ စပ်ဆက်နေတဲ့ နေရာတွေကို ရှောင်ကျဉ်ကြပါလို့ သတိပေးပါရစေ။ CCTV ပိုင်ရှင်များအနေနဲ့ တနေ့တခါ CCTV မှတ်တမ်းများကို ပုံမှန်ဖျက်ပါ။ CCTV မှတ်တမ်းများကို မဖြန့်ပါနဲ့။ သာရေးသတင်းများ တိုးပွားပါစေ။**

**"**